**"ဖြောင့်မတ်သောသူသည် များစွာသောဒုက္ခဆင်းရဲခြင်းကိုခံရသော်လည်း" (ဆာလံ ၃၄း၁၉)**

**မည်**သူက များစွာဒုက္ခဆင်းရဲခြင်းကို ခံရပါသနည်း? ဖြောင့်မတ်သောသူတို့ပင်လျှင် ဒုက္ခဆင်းရဲခြင်းကို ခံရကြသည်။ သို့သော် "ထာဝရဘုရားသည် ခပ်သိမ်းသော ဒုက္ခဆင်းရဲထဲက ကယ်လွှတ်တော်မူ၏" သခင်ဘုရားက နာမကျန်းဖြစ်ခြင်း ဒုက္ခပြဿနာများ တို့ကဲ့သို့သော အရာတို့ကို မိမိတို့ယုံကြည်ခြင်းအား စစ်ဆေး ခြင်းနှင့် အင်အားဖြည့်တင်းရန် အတွက်သော်၎င်း အမြင်အားဖြင့် ရှုံးနိမ့်နေသည်ဟု ထင်ရသော အခြေအနေများထဲမှ ပို၍ကြီးမားသော အောင်မြင်မှုများကိုရယူဖို့ မိမိတို့အားကူညီရန် အတွက်သော်၎င်း ခွင့်ပြုထားသည်။ တစ်ခါတစ်ရံ မိမိတို့အား သခင်ဘုရားနှင့် နီးကပ်စွာရှိနေရန် ထိုမကောင်းသောအရာများ ဖြစ်ပေါ်လာတတ်သလို၊ တစ်ခါတစ်ရံ တစ်ဦးနှင့်တစ်ဦး ပိုမိုနီးကပ်စွာရှိနေရန် ထိုမကောင်းသောအရာများ ဖြစ်ပေါ်လာတတ်သလို၊ တစ်ခါတစ်ရံ တစ်ဦးနှင့်တစ်ဦး ပိုမိုနီးကပ်လာစေဖို့ ဖြစ်လာရသည်။ တစ်ခါတစ်ရံ မိမိတို့ ကိုနှိမ့်ချစေဖို့ ဖြစ်လာရသလို၊ တစ်ခါတစ်ရံ မိမိတို့အား ဆုတောင်းစေလို၍ ဖြစ်လာသည်။ ထို့ကြောင့် ဒုက္ခဆင်းရဲခြင်းနှင့် ဘေးဒဏ်များအား ဘုရားသခင်၏ ရည်ရွယ်ချက်ပြည့်စုံစေဖို့ မိမိတို့ခွင့်ပြုလျှင် ၎င်းတို့သည် မိမိတို့အတွက် ကောင်းပါသည်။

ဘုရားရှင်က မည်သည့်အလုပ်ကို လုပ်သည်မဆို သူက ချစ်ခြင်းမေတ္တာဖြင့် လုပ်ဆောင်ကြောင်းကို မမေ့ဘို့ အရေးကြီးပါသည်။ "ဘုရားသခင်ကို ချစ်သောသူတည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသော သူတို့၏အကျိုးကို ခပ်သိမ်းသောအရာသည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏" (ရော ၈း၂၈) မည်သည့်အရာကိုမျှ ဘုရားရှင်သည် သင့်အပေါ်ကျရောက်စေ လိမ့်မည်မဟုတ်။ သူ့ကိုချစ်သော သူ၏သားသမီးကို နောက်ဆုံး သင့်အတွက် အကောင်းဖြစ်လာမည့် အရာမှလွဲ၍ မည်သည့်အရာကိုမျှ သူအဖြစ်ခံမည်မဟုတ်။ ထို့ကြောင့် "ဖြောင့်မတ်သောသူသည် များစွာသော ဒုက္ခဆင်းရဲခြင်းကို ခံရသော်လည်း" ဘုရားသခင်သည် သင့်အား မည်သို့ပင်ဖြစ်နေပါစေ မည်မျှပင်ဖြစ်နေပါစေ ဘုရားသခင်သည် သင့်အားခပ်သိမ်းသော (အားလုံးသော) ဒုက္ခဆင်းရဲခြင်းထဲမှ ကယ်နှုတ်မည်သာဖြစ်ရာ အနည်းငယ်မျှသော အတော်များများသော အားလုံးနီးပါးမျှသော ဒုက္ခဆင်းရဲခြင်းမဟုတ် အားလုံးထဲမှဖြစ်သည်။ ထို့ကြောင့် သင့်အနေနှင့် နောက်ထပ်ဖျားနာခြင်း သို့မဟုတ် အခြားသောဒုက္ခများထဲ ကျရောက်ခဲ့လျှင် သူ၏နှုတ်ကပတ်တော်ထဲတွင် သူကတိပေးထားခဲ့သည့်အတိုင်း ဘုရားသခင်သည် သင့်အား ကယ်နှုတ်ရန်မျှော်လင့်ပါ။